# အမျိုးသားစံချိန်စံညွှန်းနှင့်အရည်အသွေး

သတင်းလွှာ၊အမှတ်စဉ်-၁။(၂၀၂၄ခုနှစ်၊ မေလ)

## အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာအခြေခံအဆောက်အအုံ

အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံစနစ်ဆိုသည်မှာ ပို့ကုန်ဦးဆောင်သော ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းတွင် မြန်မာနိုင်ငံ၏ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန်နှင့် လုပ်ငန်းရှင်များနှင့် သုံးစွဲသူများအကြား အပြန်အလှန်အကျိုးပြုခြင်းဖြင့် အရည်အသွေးဆိုင်ရာရည်မှန်းချက်များနှင့် လိုအပ်ချက်များကို ရရှိစေရန် စွမ်းဆောင်ပေးသည့် သက်ဝင်လှုပ်ရှားနေသည့် မျှခြေတစ်ခုဖြစ်ပေါ်လာရန် လိုအပ်သည့် အနေအထားတစ်ရပ်ဖြစ်ပါသည်။ အဆိုပါအရည်အသွေးဆိုင်ရာ ရည်မှန်းချက်များသည် အမျိုးသားအဆင့် အရည်အသွေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ရည်မှန်းချက်များသာမက အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး ကဏ္ဍတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် လိုအပ်ချက်များကိုလည်း လွှမ်းခြုံမှုရှိပါသည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနသည် မြန်မာနိုင်ငံတွင် အမျိုးသားအရည်အသွေးအခြေခံအဆောက်အအုံကို အကောင်အထည်ဖော်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကထားဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနဖြစ်သည်။ အမျိုးသားစံချိန်စံညွှန်း နှင့် အရည်အသွေးဌာနသည် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ ဌာနများမှ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးသည့်ဌာနတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံစနစ်အား ကြီးကြပ်ခြင်းတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။












## အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာအခြေခံအဆောက်အအုံခိုင်မာအားကောင်းစေရေး

“အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံခိုင်မာအားကောင်းစေရေးနှင့် ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမျိုးသားအရည်အသွေးထောက်ခံချက်ထုတ်ပေးရေးအဖွဲ့ အကောင်အထည်ဖော်ရေးစီမံကိန်း”ဖွင့်ပွဲအခမ်းအနားနှင့် “ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် စံချိန်စံညွှန်းနှင့်အရည်အသွေးဆိုင်ရာကဏ္ဍအား သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်တွေ့ဆုံဆွေးနွေးခြင်းဖိုရမ်” အခမ်းအနားကို ရန်ကုန်မြို့ **Mercure** ဟိုတယ်၌ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ(၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ **Counselor Ms. Qiao Li** မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ယူဆောင်ရွက်နေသည့် အာရှပိုးလမ်းမကြီးစီမံကိန်းတွင်ပါဝင်သည့် မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အပံ့ပေးနိုင်မည့်စီမံကိန်းဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားခဲ့ပါသည်။




မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအထူးရန်ပုံငွေ (၂၀၂၃) ဖြင့်ဆောင်ရွက်သည့် “Project on Strengthening National Quality Infrastructure and Implementation of National Certification Body for Certifying Products, Processes and Services” စီမံကိန်းဖွင့်ပွဲအခမ်းအနားနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် စံချိန်စံညွှန်းနှင့်အရည်အသွေးဆိုင်ရာကဏ္ဍအား သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်တွေ့ဆုံဆွေးနွေးခြင်းဖိုရမ်အစီအစဉ်ကို အောက်ပါရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါသည်-

(က) အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံခိုင်မာအားကောင်းစေရေး၏ အဓိကလုပ်ငန်းစဉ်များဖြစ်သော စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ အသိအမှတ်ပြုခြင်း၊ အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်း၊ တိကျစွာတိုင်းတာခြင်းနည်းပညာ၊ ဓါတ်ခွဲစမ်းသပ်စစ်ဆေးခြင်းတို့ကို အများပြည်သူကောင်းစွာနားလည်သဘောပေါက်စေရန်၊

(ခ) စံချိန်စံညွှန်းနှင့်အရည်အသွေးဆိုင်ရာလုပ်ငန်းစဉ်များအား အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာအဆင့်တို့တွင် မြန်မာနိုင်ငံအနေဖြင့် လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကိုသိရှိစေရန်၊

(ဂ) အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံခိုင်မာအားကောင်းစေခြင်းဖြင့် အာဆီယံ-လွတ်လပ်သောကုန်သွယ်မှုထူထောင်ရာတွင် ကုန်သွယ်မှုကိုလွယ်ကူချောမွေ့စေခြင်း၊ အရည်အသွေးအာမခံချက်ပေးနိုင်ခြင်းကို သိရှိနားလည်စေရန်၊

(ဃ) Regulatory Authority ဖြစ်သည့်သက်ဆိုင်ရာဝန်ကြီးဌာနများမှမိမိတို့၏ကဏ္ဍအလိုက် အရည်အသွေးကိုက်ညီမှုရှိရေး နည်းပညာလုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ကြေညာနိုင်ရေး အသိပညာပံ့ပိုးပေးရန်၊

(င) အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောစံချိန်စံညွှန်းများ ပေါ်ထွက်လာစေရေးနှင့် MSMEsများ၏ စီးပွားရေးကဏ္ဍအားဖွံ့ဖြိုးတိုးတက်စေရေးအား ပေးဆောင်ရွက်ရန်၊

(စ) Stakeholder များနှင့် စက်မှုလုပ်ငန်းများကို စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ အသိအမှတ်ပြုခြင်း၊ အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်း၊ တိကျစွာတိုင်းတာခြင်းနည်းပညာနှင့်ဓါတ်ခွဲစမ်းသပ်စစ်ဆေးခြင်းဝန်ဆောင်မှုများကိုဖြည့်ဆည်းပေးနိုင်ရန်။

ဖွင့်ပွဲအခမ်းအနားနှင့် ဖိုရမ်ကိုကျင်းပနိုင်ခြင်းအားဖြင့် အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံဖော်ဆောင်ရာတွင် အဓိကမဏ္ဍိုင်လုပ်ငန်းစဉ်များဖြစ်သောစံချိန်စံညွှန်းများသတ်မှတ်ခြင်း၊ အသိအမှတ်ပြုခြင်း၊ အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်း၊ တိကျစွာတိုင်းတာခြင်းနည်းပညာ၊ ဓါတ်ခွဲစမ်းသပ်စစ်ဆေးခြင်းစသည့်လုပ်ငန်းများတွင် ပြည်တွင်းရှိ အရည်အသွေးထောက်ခံချက်လက်မှတ်ထုတ်ပေးသည့်အဖွဲ့အစည်းများ၊ ဓာတ်ခွဲခန်းများမှ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်ခြင်း၊ အများပြည်သူတို့ စံချိန်စံညွှန်းနှင့်အရည်အသွေးဆိုင်ရာလုပ်ငန်းများကို ကောင်းစွာနားလည်သဘောပေါက်၍ လိုက်နာဆောင်ရွက်နိုင်ခြင်း၊ စံချိန်စံညွှန်းနှင့်အရည်အသွေးကဏ္ဍတို့တွင် နိုင်ငံတကာအသိအမှတ်ပြုလက်ခံနိုင်ရေးဆောင်ရွက်နိုင်မည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။ ဖိုရမ်ကျင်းပခြင်းဖြင့် အများပြည်သူများအားလုံး အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံခိုင်မာအားကောင်းစေရေးလုပ်ငန်းစဉ်ကို နားလည်သဘောပေါက်၍ ပူးပေါင်းပါဝင်လာမည်ဖြစ်ပါသည်။



## ACFTA WG STRACAP အတွက် (၇)ကြိမ်မြောက်အာဆီယံအစည်းအဝေး(30-1-2024)၊ (၄)ကြိမ်မြောက် ACFTA WG STRACAP အစည်းအဝေး(31 Jan - 1 Feb 2024) နှင့်(၈)ကြိမ်မြောက်ASEAN CAUCUS for ASEAN CHINA FTA အစည်းအဝေး

အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်(၃.၀) အဆင့်မြှင့်တင်ရေးညှိနှိုင်းခြင်းဆိုင်ရာ ပဉ္စမအကြိမ် အစည်းအဝေးနှင့်လုပ်ငန်းအဖွဲ့အစည်းအဝေးများသို့ WG STRACAP Chapter အား အာဆီယံနိုင်ငံများအချင်းချင်း ညှိနှိုင်းဆွေးနွေးရန် The 7th ASEAN Caucus Meeting for ACFTA WG STRACAP အစည်းအဝေးအား ၃၀-၁-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ အာဆီယံနိုင်ငံများနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ညှိနှိုင်းဆွေးနွေးသည့် The 4th ACFTA WG STRACAP အစည်းအဝေးကို ၃၀-၁-၂၀၂၄ ရက်နေ့မှ ၁-၂-၂၀၂၄ ရက်နေ့အထိလည်းကောင်း တရုတ်နိုင်ငံ ၊ ဟန်ကျိုးမြို့၌ hybrid mode ဖြင့် လည်းကောင်း၊ (၈)ကြိမ်မြောက် ASEAN CAUCUS for ASEAN CHINA FTA အစည်းအဝေးအား online ဖြင့်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ အမျိုးသားစံချိန်စံညွှန်းနှင့်အရည်အသွေးဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတက်ရောက်ခြင်းဖြင့် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများအကြား လွတ်လပ်သောကုန်သွယ်မှု တည်ထောင်ရာတွင် စံချိန်စံညွှန်းများတစ်ပြေးညီဖြစ်စေခြင်း၊ အရည်အသွေးကိုက်ညီမှု အစီအစဉ်များ အပြန်အလှန် အသိအမှတ်ပြုခြင်း၊ နည်းပညာဆိုင်ရာလုပ်ထုံးလုပ်နည်းများဖွံ့ဖြိုးတိုးတက်စေရာတွင် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်နိုင်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဈေးကွက်ရှာဖွေနိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာအလေ့အကျင့် ကောင်းများနှင့်ကိုက်ညီစွာဆောင်ရွက်နိုင်ခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးပြီးသည့် နိုင်ငံများနှင့် မိတ်ဖက်ကုန်သွယ်မှု ပြုလုပ်ခြင်းဖြင့် ကုန်သွယ်မှုကိုလွယ်ကူချောမွေ့စေ၍ ယှဉ်ပြိုင်နိုင်စွမ်းမြှင့်မား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့် အကျိုး ကျေးဇူးကိုရရှိမည်ဖြစ်ပါသည်။ အစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ချက်များအရ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်အရ လိုက်ပါ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ သဘောတူ ဆွေးနွေးမှုမပြီးပြတ်သေးသည့် Article များနှင့်ပတ်သက်၍ တရုတ်နိုင်ငံဘက်မှ ဖြေကြားချက်များအပေါ်မူတည်ပြီး Internal Consultation ပြုလုပ်ရန် Next WG STRACAP Meeting တွင် သဘောတူညီချက်ရရှိအောင်ဆွေးနွေးရန်၊ Next WG STRACAP Meeting အား မတ်လတွင်ကျင်းပရန် လျာထားရာတွင် တက်ရောက်ဆွေးနွေးရန်၊ Next WG STRACAP Meeting တွင် Chapter တစ်ခုလုံး၏ သုံးပုံနှစ်ပုံခန့်ပြီးဆုံးနိုင်ရေးအတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ရာတွင် လိုက်ပါအကောင် အထည်ဖော်ရန်စသည့် ရှေ့လုပ်ငန်းစဉ်များကို အာဆီယံနိုင်ငံများနှင့်ညှိနှိုင်းဆွေးနွေး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးပြီး အာဆီယံသဘောတူညီချက်များအရ လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။






## နည်းပညာဆပ်ကော်မတီအစည်းအဝေးများ

### မြန်မာပတ္တမြားနှင့်ပတ္တမြားအရည်အသွေး



မြန်မာ့ပတ္တမြား၏ အရည်အသွေးဆိုင်ရာစံချိန်စံညွှန်းများ သတ်မှတ်နိုင်ရန်အတွက် စံချိန်စံညွှန်းရေးဆွဲရေးတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာပတ္တမြားနှင့် ပတ္တမြားအရည်အသွေးစံချိန်စံညွှန်းရေးဆွဲရေးလုပ်ငန်းအဖွဲ့ (၂/၂၀၂၄) အစည်းအဝေးကို ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ၁၀ရက်နေ့တွင် online ဖြင့်ကျင်းပပြုခဲ့ပါသည်။ အစည်းအဝေးကျင်းပခြင်းဖြင့် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီသော မြန်မာ့ပတ္တမြားကို ထုတ်လုပ်ရောင်းချခြင်းဖြင့် ပြည်ပပို့ကုန်ကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်သည်။ မြန်မာ့ပတ္တမြားနှင့်ပတ္တမြားအရည်အသွေးစံချိန်စံညွှန်းကို ပြည်တွင်းပြည်ပရှိ ကျောက်မျက်ရောင်းဝယ်ရေးလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်မည် ဖြစ်ပါသည်။

### စိုက်ပျိုးရေးအခြေခံထုတ်ကုန်ဆပ်ကော်မတီ




၅-၃-၂၀၂၄ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ TC-7 စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီ၏ (၁/၂၀၂၄)ကြိမ်မြောက်အစည်းအဝေးကို Hybrid Meeting စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ စိုက်ပျိုးရေးအခြေခံထုတ်ကုန်ဆိုင်ရာမြန်မာစံချိန်စံညွှန်းများချမှတ်နိုင်ရေးအတွက် ငရုတ်သီးစိမ်းစံချိန်စံညွှန်း ထွက်ပေါ်လာစေရန် နည်းပညာဆပ်ကော်မတီအဆင့် သဘောတူညီချက်ရရှိသည်အထိ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခြင်းဖြစ်ပါသည်။ငရုတ်သီးစိမ်းစံချိန်စံညွှန်း၏ အရည်အသွေးနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်အရည်အသွေးအဆင့်ရောက်ရှိခြင်း၊ ဈေးကွက်ဖန်တီးမှုတွင် ပွင့်လင်းမြင်သာမှုတိုးတက်လာခြင်း၊ ထုတ်လုပ်မှုကဏ္ဍတိုးတက်လာခြင်း၊ လေလွင့်မှုနှင့် ကုန်ကျစရိတ်လျှော့ချနိုင်ခြင်း၊ ကုန်သွယ်မှုအပါအဝင်စီးပွားရေးလုပ်ငန်းများတွင် အပြန်အလှန်နားလည်မှုရရှိလာခြင်းစသည့်အကျိုးကျေးဇူးများရရှိပါသည်။ ငရုတ်သီးစိမ်းစံချိန်စံညွှန်းကို နည်းပညာဆပ်ကော်မတီအဆင့်တွင် သဘောတူညီမှုရရှိသည်အထိဆွေးနွေးခဲ့ကြပါသည်။

### ဘွိုင်လာစံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီ



ISO 9229-3:1997,ISO 9328-7:2018 နှင့် ISO 9329-4:1997 တို့အား အဆိုပြုစံချိန်စံညွှန်းများအဖြစ် အတည်ပြုရန်အတွက် (၁၆)ကြိမ်မြောက် ဘွိုင်လာစံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီအစည်းအဝေးကို ၅–၁–၂၀၂၄တွင် ကျင်းပခဲ့ပါသည်။ Stainless Steel ၏ Grade ၊ Chemical Composition၊ Tolerance ၊ Mechanical Properties နှင့် tensile properties များကိုသိရှိနိုင်သဖြင့် Stainless Steel ဖြင့် ဘွိုင်လာတည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်ပါသည်။ ISO 9328-7:2018 ဖိအားဆိုင်ရာအသုံးပြုမှုများအတွက် သံပြားထုတ်ကုန်များ–နည်းပညာဆိုင်ရာပေးပို့မှုအခြေအနေများ-အပိုင်း(၇)– စတိန်းလက်(စ်)စတီး (အစွန်းခံသံမဏိများ)ဆိုင်ရာစံချိန်စံညွှန်းကို မြန်မာစံချိန်စံညွှန်းအဖြစ် အတည်ပြုချမှတ်ရန်အတွက် နည်းပညာဆပ်ကော်မတီအဆင့်တွင်သဘောတူညီမှုရရှိခဲ့ပါသည်။

### သစ်အခြေခံထုတ်ကုန်ဆိုင်ရာဆပ်ကော်မတီ စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီ




၂၀၂၄ခုနှစ်၊ ဧပြီလ(၅)ရက်နေ့တွင် သစ်အခြေခံထုတ်ကုန်ဆိုင်ရာ မြန်မာစံချိန်စံညွှန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်လျှက်ရှိသော TC-16 သစ်အခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာ ဆပ်ကော်မတီ အစည်းအဝေးကို သံယံဇာနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ မြန်မာ့သစ်လုပ်ငန်းမှ Zoom Application ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ သစ်အခြေခံထုတ်ကုန်စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီ၊ ဥက္ကဌ၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာ၊ ဦးတင့်ဇော်ညွန့်၊ မြန်မာ့သစ်တော ထောက်ခံချက်ပြုရေးကော်မတီ (MFCC)မှ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝ န်ကြီးဌာနများမှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ စုစုပေါင်း(၁၂)ဦး တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် တက်ရောက်သူကိုယ်စားလှယ်များမှ သစ်အခြေခံထုတ်ကုန် မြန်မာစံချိန်စံညွှန်းမူကြမ်းတစ်ခုဖြစ်သည့် Myanmar Timber Legality Assurance System- MTLAS (2023) အပေါ် ဆွေးနွေးခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြပါသည်။

## အာရှ-ပစိဖိတ်အသိအမှတ်ပြုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့

မြန်မာအသိအမှတ်ပြုအဖွဲ့သည် ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် အာရှ-ပစိဖိတ်အသိအမှတ်ပြုအဖွဲ့၏ တွဲဖက်အဖွဲ့ဝင်အဖြစ်ရောက်ရှိခဲ့ပြီး ဆက်လက်၍ တင်းပြည့်အဖွဲ့ဝင်အဖြစ်ဝင်ရောက်နိုင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## အသိအမှတ်ပြုခြင်းဝန်ဆောင်မှုများ

မြန်မာအသိအမှတ်ပြုအဖွဲ့သည် စင်ကာပူအသိအမှတ်ပြုအဖွဲ့ နှင့်(SAC)ထိုင်းနိုင်ငံ၏အသိအမှတ်ပြုအဖွဲ့ Bureau of Laboratory Accreditation-Department of Science Service (BLA-DSS) တို့နှင့်ပူးတွဲ၍ အရည်အသွေးကိုက်ညီမှုစစ်ဆေးရေးအဖွဲ့များအား အသိအမှတ်ပြုဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာအသိအမှတ်ပြုအဖွဲ့သည် ၂၀၂၃ ခုနှစ်အတွင်း၌ SGS Myanmar Ltd.၏ ဓာတ်ခွဲခန်း၊ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ သီးနှံထွက်ကုန်များစစ်ဆေးရေးဓာတ်ခွဲခန်းနှင့် OMIC Inspection & Surveying Co.,Ltd.,Myanmar၏ ဓာတ်ခွဲခန်းတို့အား ထိုင်းနိုင်ငံ၏ အသိအမှတ်ပြုအဖွဲ့ (BLA-DSS) နှင့်ပူးတွဲ၍ ISO/IEC17025:2017 အသိအမှတ်ပြုလွှာများပေးအပ်နိုင်ခဲ့ပါသည်။







## အရည်အသွေးကိုက်ညီမှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ချက်များ

### Awareness Training Course on “ISO/IEC 17024

မြန်မာအသိအမှတ်ပြုအဖွဲ့သည် လူပုဂ္ဂိုလ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်ထုတ်ပေးရေးအဖွဲ့များအား အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် ISO/IEC 17024 : General Requirements for Bodies Certification of Persons သင်တန်းကို (၂၈-၃-၂၀၂၃) ရက်နေ့တွင် မြန်မာအင်ဂျင်နီယာကောင်စီ၌ In person ဖြင့် သင်တန်းသားဦးရေ (၆၀)ဦးအား ပို့ချပေးခဲ့ပါသည်။





## ဓာတ်ခွဲခန်းအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာသင်တန်း

မြန်မာအသိအမှတ်ပြုအဖွဲ့သည် (၂-၁၁-၂၀၂၃) ရက်နေ့၌ ဓာတ်ခွဲခန်းအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းအား ဆေးဝါးစက်ရုံ (အင်းစိန်)ရှိ အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းဝန်ထမ်း (၃၀) ဦးအား ပို့ချပေးခဲ့ပါသည်။

## ISO/IEC 17025 အသိပညာပေးသင်တန်း

မြန်မာအသိအမှတ်ပြုအဖွဲ့သည် ပြည်တွင်းရှိ ဓါတ်ခွဲခန်းများအား အရည်အသွေးမြှင့်တင်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုဓာတ်ခွဲခန်းများ အဖြစ်ရောက်ရှိစေရန်ရည်ရွယ်၍ ISO/IEC 17025:2017 ဓာတ်ခွဲခန်းဆိုင်ရာ အသိပညာပေးသင်တန်းကို (၁၃-၉-၂၀၂၃) ရက်နေ့နှင့် (၁၄-၉-၂၀၂၃) ရက်နေ့တို့တွင် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၌ In-person ကျင်းပပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများမှ ဘာသာရပ်ဆိုင်ရာသက်ဆိုင်သူ (၇၂) ဦးအား ပို့ချပေးခဲ့ပါသည်။





## ISO/IEC 17025 အသိပညာပေးသင်တန်း(Online)

မြန်မာအသိအမှတ်ပြုအဖွဲ့သည် "ISO/IEC17025:2017 ဓာတ်ခွဲခန်းဆိုင်ရာ အသိပညာပေးသင်တန်း" ကို (၁၉-၃-၂၀၂၄) ရက်နေ့မှ (၂၀-၃-၂၀၂၄) ရက်နေ့အထိ Online ဖြင့် ကျင်းပြုလုပ်ခဲ့ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ဓာတ်ခွဲခန်းနှင့်သုတေသနစင်တာများမှ ဘာသာရပ်သက်ဆိုင်သူ စုစုပေါင်း(၁၁၀)ကျော်တက်ရောက်ခဲ့ပါသည်။



## တိကျစွာတိုင်းတာခြင်းနည်းပညာဆိုင်ရာတရုတ်-မြန်မာပူးပေါင်းဆောင်ရွက်ရေး

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ(၂၁)ရက်က ရန်ကုန်မြို့ရှိ Melia ဟိုတယ်၌ ကျင်းပသည့် တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်ရေး တိကျစွာတိုင်းတာခြင်းနည်းပညာဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲကို သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနလက်အောက်ရှိ အမျိုးသားစံချိန်စံညွှန်းနှင့်အရည်အသွေးဌာန၊ တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ(မြန်မာ)-NIMM နှင့် National Institute of Metrology-China တို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ (၂၁) ရက်မှ (၂၂) ရက်အထိ ကျင်းပခဲ့ပါသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလ (၂၁) ရက်နေ့တွင် သင်တန်းသား (၆၃) ဦး တက်ရောက်ခဲ့ပြီး၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလ (၂၂) ရက်နေ့တွင် သင်တန်းသား (၅၀) ဦး တက်ရောက်ခဲ့ပါသည်။

တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ(မြန်မာ)-NIMM ၏ စွမ်းဆောင်ရည်များကို တိုးချဲ့နိုင်ရေးတွင်ထည့်သွင်းစဉ်းစားရန် လိုအပ်သည့်အချက်များကိုသိရှိနိုင်ရန်အတွက် အဆိုပါဆွေးနွေးပွဲသို့တက်ရောက်လာကြသော Stakeholders များထံမှ တိုင်းတာရေးဆိုင်ရာ ဝန်ဆောင်မှုနှင့်ပတ်သက်သည့်လိုအပ်ချက်များကို စစ်တမ်းပုံစံများကို ကောက်ယူနိုင်ခဲ့ပါသည်။ NIM-China ၏ ပံ့ပိုးကူညီမှုဖြင့် နှစ်ရက်တာဆွေးနွေးပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး၊ တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ(တရုတ်)-NIM-China ၏ ကျွမ်းကျင်ပညာရှင်များထံမှ အသိပညာနှင့် အတွေ့အကြုံများကိုတက်ရောက်လာကြသူ အားလုံးလေ့လာခွင့်ရရှိခဲ့ပါသည်။






## လန်ချန်း-မဲခေါင်နိုင်ငံများအတွင်းတိကျစွာတိုင်းတာခြင်းနည်းပညာဆိုင်ရာ အဆင့်မြှင့်တင်ခြင်းနှင့်အပြန်အလှန်အသိအမှတ်ပြုခြင်းတို့ကို တိုးမြှင့်လုပ်ဆောင်ရန်အတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (၂၀၂၈-၂၀၂၃) (Action Plan) တွင် လက်မှတ်ရေးထိုးခြင်းအခမ်းအနားနှင့် (၄) ကြိမ်မြောက်တိကျစွာတိုင်းတာခြင်းနည်းပညာဆိုင်ရာဆွေးနွေးပွဲသို့ပါဝင်တက်ရောက်ခြင်း

လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ကျင်းပပြုလုပ်သော(၄)ကြိမ်မြောက် တိကျစွာတိုင်းတာခြင်းနည်းပညာဆိုင်ရာ ဆွေးနွေးပွဲ အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက် မှ (၃၀) ရက်အထိ တရုတ်နိုင်ငံ၊ ပေကျင်းမြို့၌ ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်များအနေဖြင့် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်း၊ တိကျစွာတိုင်းတာခြင်းနည်းပညာ သိပ္ပံ(မြန်မာ)မှညွှန်ကြားရေးမှူး၊ ဒေါက်တာမာလာဝင်းတို့အပါအဝင် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများအားလုံး၊ ကွမ်ရှီး သုတေသနတိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံစမ်းသပ်ခတ်ခွဲခန်းနှင့် ယူနန်တိုင်းတာခြင်းနည်းပညာနှင့် စမ်းသပ်ခတ်ခွဲခန်းများဆိုင်ရာ နည်းပညာတို့မှ ကိုယ်စားလှယ်များပါဝင်တက်ရောက်ခဲ့ကြပါသည်။




## (၂၀၂၃-၂၀၂၈) လုပ်ငန်းအစီအစဉ်လက်မှတ်ရေးထိုးခြင်းအခမ်းအနား

လန်ချန်း-မဲခေါင်နိုင်ငံများအတွင်းတိကျစွာတိုင်းတာခြင်းနည်းပညာဆိုင်ရာ အဆင့်မြှင့်တင်ခြင်းနှင့် အပြန်အလှန်အသိအမှတ်ပြုခြင်း တို့ကို တိုးမြှင့်လုပ်ဆောင်ရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၈) (Action Plan) တွင် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ၂၉-၈-၂၀၂၃ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပခဲ့ရာလန်ချန်း-မဲခေါင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ တိကျစွာတိုင်းတာခြင်း နည်းပညာနှင့်သက်ဆိုင်သည့်အဖွဲ့အစည်းများမှ တာဝန်ရှိသူအဆင့်မြင့်အရာရှိကြီး (၆)ဦးတို့လက်မှတ်ရေးထိုးခဲ့ကြပါသည်။



## တရုတ်-မြန်မာစားသောက်ကုန်လုပ်ငန်းနှင့်စက်မှုလုပ်ငန်းများအတွက်တိုင်းတာစံများပူးတွဲသုတေသနပြုလုပ်ခြင်း

"တရုတ်-မြန်မာစားသောက်ကုန်လုပ်ငန်းနှင့် စက်မှုလုပ်ငန်းများအတွက် တိုင်းတာစံများပူးတွဲသုတေသနပြုလုပ်ခြင်း" စီမံကိန်းသည် တရုတ်-မြန်မာအစိုးရကြား သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုအဖြစ် အမျိုးအစားခွဲခြားထားပြီး ဆောင်ရွက်ခဲ့သည့် စီမံကိန်းတစ်ခု ဖြစ်ပါသည်။ ဤစီမံကိန်းတွင်တရုတ်နိုင်ငံအနေဖြင့် National Institute of Metrology (China) သည် အဓိကတာဝန်ယူ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းဖြစ်ပြီး၊ တရုတ်နိုင်ငံရှိကွမ်ရှီးနှင့်ယူနန်ခရိုင်တို့တွင် အသီးသီးတည်ရှိသည့်ပြည်နယ်ဆိုင်ရာ တိုင်းတာရေး ဌာနများဖြစ်သော ကွမ်ရှီးသုတေသနတိကျစွာတိုင်းတာခြင်း နည်းပညာသိပ္ပံစမ်းသပ်ခေတ်ခွဲခန်းနှင့် ယူနန်တိုင်းတာခြင်း နည်းပညာနှင့်စမ်းသပ်ခေတ်ခွဲခန်းများဆိုင်ရာနည်းပညာတို့သည်လည်း ဤစီမံကိန်းတွင်အတူတကွ ပါဝင်ပူးပေါင်းဆောင်ရွက် နေသည့် အဖွဲ့အစည်းများဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်တိကျစွာ တိုင်းတာခြင်းနည်းပညာသိပ္ပံ-မြန်မာသည် ဤစီမံကိန်းအတွက် တာဝန်ယူ ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းဖြစ်ပါသည်။

စားသောက်ကုန်လုပ်ငန်းနှင့်စက်မှုလက်မှုဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာမြောက်အရေးကြီးသောလုပ်ငန်းများဖြစ်ပါသည်။ စားသုံးသူများသိရှိပြီးဖြစ်သည့်အတိုင်း စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းတွင် စဉ်ဆက်မပြတ်တည်ငြိမ်သောအပူချိန်တိုင်းတာခြင်းနှင့် ထိန်းချုပ်နိုင်မှုသည် စားသောက်ကုန်ဘေးကင်းလုံခြုံရေးအတွက် အရေးကြီးပြီး၊ စက်မှုလက်မှုဆိုင်ရာကုန်ထုတ်လုပ်ငန်းများတွင် တိုင်းတာခြင်းကိရိယာများ၏ တိကျမှုရှိသောတန်ဖိုးသည်လည်း ထုတ်ကုန်အရည်အသွေးအတွက် အချက်အချာကျသောအချက်တစ်ခုဖြစ်ပါသည်။

"တရုတ်-မြန်မာစားသောက်ကုန်လုပ်ငန်းနှင့် စက်မှုလုပ်ငန်းများအတွက်တိုင်းတာစံများ ပူးတွဲသုတေသနပြုလုပ်ခြင်း" စီမံကိန်း အကောင်အထည်ဖော်ရန်အတွက် ၃-လကြာ ပူးတွဲ သုတေသနနှင့်နည်းပညာသင်တန်းကို NIMM မှ သင်းတန်းသား (၄)ဦးသည် တရုတ်နိုင်ငံရှိ NIM-China တွင် (၂)လနှင့် ကွမ်းရှီးသုတေသနတိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံစမ်းသပ်ခေတ်ခွဲခန်းတွင် (၂)ပါတ်ကြာ နှင့်ယူနန်တိုင်းတာခြင်းနည်းပညာနှင့် စမ်းသပ်ခေတ်ခွဲခန်းများဆိုင်ရာနည်းပညာတွင်(၂)ပတ်ကြာ တက်ရောက်ခဲ့ပါသည်။ (အပူချိန် တိုင်းတာခြင်းနှင့်အလျားတိုင်းတာခြင်းနည်းပညာဆိုင်ရာ သင်တန်းသား(၂)ဦးစီ)



## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ (မြန်မာ)သို့လာရောက်၍အားပေးစကားပြောကြားခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ဝန်ထမ်းများနှင့်၂၀၂၄ခုနှစ်၊မတ်လ(၁၉) ရက်နေ့တွင် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ပါသည်။ ထို့နောက်ဒုတိယဝန်ကြီးသည် တိကျစွာတိုင်းတာခြင်း နည်းပညာသိပ္ပံ(မြန်မာ)သို့ လာရောက်၍ National Accreditation Board for Testing and Calibration Laboratories (NABL) မှ(၃) ကြိမ်မြောက်အသိအမှတ်ပြုလက်မှတ် ISO/IEC 17025:2017 ရရှိပြီးဖြစ်သည့် ဒြပ်ထုတိုင်းတာခြင်းဆိုင်ရာဓါတ်ခွဲခန်း (Mass Laboratory) သို့လာရောက်၍ဂုဏ်ပြုအားပေးစကားပြောကြားခဲ့ပါသည်။


ဆက်လက်၍ဖိအားတိုင်းတာခြင်းဆိုင်ရာဓါတ်ခွဲခန်း (Pressure Laboratory) သို့သွားရောက်ကြည့်ရှု၍ ဖိအားတိုင်းတာခြင်း ဆိုင်ရာဓါတ်ခွဲခန်းကိုလည်း မကြာမီအသိအမှတ်ပြုလက်မှတ်ရဓါတ်ခွဲခန်းတစ်ခုဖြစ်လာစေရေး အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း အမှာစကားပြောကြားခဲ့ပါသည်။







| International and Regional Memberships | |
| --- | --- |
| International Organization for Standardization (ISO) | Correspondent Member |
| International Electrotechnical Commission (IEC) | Affiliate Plus |
| Asia Pacific Accreditation Co-operation (APAC) | Associate Member |
| Asia Pacific Metrology Programme (APMP) | Full Member |
| ASEAN Consultative Committee for Standards and Quality (ACCSQ), WG 1, WG2 & WG3 | |




Contact us:

National Standards and Quality Department

Department of Research and Innovation

No. 6 Kabaaye Pagoda Road, Yankin

Township,

Yangon, Myanmar

www.myanmarstandards.org.mm

nsqd.office@gmail.com

standardizationdiv@gmail.com

mabaccreditation@gmail.com

nimm112023@gmail.com

Please Scan QR code to download the NQI Newsletter-1 (May 2024)